ရှေ့နေချုပ် ERIC T. SCHNEIDERMAN ထံမှ သတင်းထုတ်ပြန်ချက်

လိမ်လည်မှုအကြောင်း သတိပေးချက်- 'ICE' လူဝင်မှု ကြီးကြပ်ရေးနှင့် ပတ်သက်၍ လိမ်လည် ငွေကြေးတောင်းခံမှုများ

လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များ (Immigration and Customs Enforcement, ICE) ဆိုင်ရာ ကိုယ်စားလှယ်များအဖြစ် ဟန်ဆောင်ပြီး အခြေချနေထိုင်သူများ နိုင်ငံမှ မနှင်ထုတ်ခံရရေးအတွက် ငွေကြေးများ တောင်းဆိုနေကြသည့် လိမ်လည်သူများ ရှိနေကြောင်း တိုင်ကြားချက်များ ရှိနေပါသည်။ **ၛင်းတို့သည် <u>လိမ်လည်</u> ငွေကြေးတောင်းခံမှု လုပ်နေကြခြင်းသာ ဖြစ်သည်။** ICE ကိုယ်စားလှယ်များသည် မည်သည့်အခါမျှ အခကြေးငွေ မတောင်းခံပါ။

<u>ပြဿနာများနှင့် လိမ်လည်မှုကို တိုင်ကြားရန် နည်းလမ်း</u>

- **လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများအတွက် လိမ်လည်မှု ဖြေရှင်းရေး ဌာန အရေးပေါ်ဖုန်းလိုင်းသို့ ခေါ်ပါ) Immigration Services Fraud Unit Hotline** (866) 390-2992
  ဤဖုန်းနံပါတ်သို့ သင်ဆက်သွယ်လျှင် ရှေ့နေချုပ်၏ ရုံးက သင်၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အခြေအနေများကို မေးမြန်းခြင်း သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အချက်အလက်များကို ဖက်ဒရယ် အာဏာပိုင်များနှင့်အတူ မျှဝေခြင်းကို မည်သည့်အခါမျှ ပြုလုပ်မည် မဟုတ်ပါ။
- **(သို့) အီးမေးလ်ဖြင့် civil.rights@ag.ny.gov သို့ ပေးပို့နိုင်သည်**

လူဝင်မှု ကြီးကြပ်ရေးနှင့် နိုင်ငံသားအဖြစ် ခံယူခြင်းနှင့် ဆက်စပ်သော ပံ့ပိုးကူညီမှုများကို ရယူရန်အတွက် နိုင်ငံသား ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ သို့မဟုတ် မှတ်တမ်းတင်ထားသော အခြေအနေ မည်သို့ပင်ဖြစ်စေ၊ တိုက်ရိုက် အကူအညီများ ပံ့ပိုးပေးသော၊ ဖုန်းခေါ်ခ-အခမဲ့ဖြစ်ပြီး ဘာသာစကားမျိုးစုံဖြင့် ဆက်သွယ်နိုင်သော အမေရိကန် နိုင်ငံသားအသစ်များ (New Americans) အရေးပေါ်ဖုန်းလိုင်းထံ ခေါ်ပါ။ အရေးပေါ် ဖုန်းလိုင်းထံ ဆက်သွယ်မှုအားလုံးကို လျှို့ဝှက် ထားရှိမည်ဖြစ်ပြီး မည်သူမည်ဝါ ဖော်ထုတ်မည် မဟုတ်ပါ။

1-800-566-7636 (ဖုန်းခေါ်ခ-အခမဲ့) ထံ နံနက် 9:00 မှ ညနေ 8:00 အတွင်း၊ တနလင်္ဂနေ့မှ သောကြာနေ့အထိ အချိန်မရွေး ခေါ်ဆိုနိုင်သည်။

လိမ်လည်ခံရခြင်းမှ ရှောင်ကြဉ်ရန် အကြံပြုချက်များ-

- လိုင်စင်ရ ရှေ့နေ (သို့) ခွင့်ပြုချက်ရ ဝန်ဆောင်မှု ပေးသူနှင့်သာ အလုပ်လုပ်ပါ။
- လျှောက်လွှာ အလွတ်များကိုဖြစ်စေ (သို့) သင် နားမလည်သော စာရွက်များတွင်ဖြစ်စေ မည်သည့်အခါမျှ လက်မှတ် မထိုးပါနှင့်။
- ဖုန်းဖြင့် ဖြစ်စေ၊ အီးမေးလ်မှတဆင့်ဖြစ်စေ ငွေပေးချေမှုများ မပြုလုပ်ပါနှင့်။

<u>ရှောင်ကြဉ်ရမည့် ယေဘုယျ လိမ်လည် ငွေကြေးတောင်းခံမှုများ</u>

- **ICE ကိုယ်စားလှယ် အတုအယောင်များ-** ICE ကိုယ်စားလှယ်များသည် တရားသူကြီး လက်မှတ်ရေးထိုးထားသော ဝရမ်းမပါရှိဘဲ သင်၏ အိမ်ထဲသို့ ဝင်ရောက်ပိုင်ခွင့် မရှိပါ။ ၎င်းတို့၏ တံဆိပ်/အထောက်အထားကို ကြည့်ခွင့်ပေးရန် တောင်းဆိုခွင့်ရှိသည်။ ICE သည် သင့်ထံမှ ငွေတောင်းခံခြင်း (သို့) သင်က ၎င်းတို့ အား ငွေမပေးသည့်အတွက် နိုင်ငံမှ နှင်ထုတ်ခံရမည်ဟု ခြိမ်းခြောက်ခြင်း (သို့) သင့်အား ထိန်းသိမ်းထားခြင်းကို လုပ်ပိုင်ခွင့် မရှိပါ။
- **အတုအယောင် အရာရှိများထံမှ မလိုအပ်ဘဲ ဖုန်းခေါ်ဆိုမှုများ-** အမေရိကန် ပြည်ထောင်စု နိုင်ငံသားခံယူမှုနှင့် လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ (U.S. Citizenship and Immigration Services, USCIS) နှင့် ICE သည် ဖုန်းဖြင့်ပြောဆို၍ ငွေတောင်းခံခြင်းများ မည်သည့်အခါမျှ မပြုလုပ်ပါ။ အရေးကြီးသော သို့မဟုတ် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို တောင်းဆိုသော၊ ငွေပေးရန် တောင်းဆိုသော၊ မလိုက်နာပါက နိုင်ငံမှ နှင်ထုတ်ခံရမည်ဟု ခြိမ်းခြောက်သော လိမ်လည် ငွေကြေးတောင်းခံသူများကို အမြဲ သတိရှိပါ။
- **တရားဝင် အထောက်အထားများကို မှားယွင်းစွာ တင်ပြခြင်း-** အယောင်ဆောင်သူများက ၎င်းတို့သည် ရှေ့နေများ ဖြစ်ကြောင်း မှားယွင်းစွာ ပြောဆိုကောင်း ပြောဆိုနိုင်ပြီး ၎င်းတို့၏ ဝန်ဆောင်မှုများအတွက် မတန်တဆ အခကြေးငွေများ တောင်းဆိုကာ လာရောက်အခြေချ နေထိုင်သူများထံမှ အမြတ်ထုတ်ကြလိမ့်မည်။ *ရှေ့နေဟုတ်မဟုတ် အထောက်အထား စစ်ဆေးရန် www.nysba.org သို့ သွားရောက်ကြည့်ရှုပါ*